(၃) အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို သီးခြားအမှိုက်အမျိုးအစား သတ်မှတ်ချက်များနှင့်အညီ သိမ်းဆည်းစွန့်ပစ်ရန်၊

(၄) ဖော်မလင်ကဲ့သို့သော ဓာတုပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် မတော်တဆဖိတ်စင်မှုမရှိစေရန်နှင့် စနစ်တကျ ကိုင်တွယ်တတ်စေရန် လေ့ကျင့်သင်ကြားပေးရန်၊

(၅) လုပ်ငန်းဆောင်ရွက်ခြင်းမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက်စွန့်ပစ်ရန်၊

(၆) စွန့်ပစ်ပစ္စည်းများကို အမျိုးအစားလိုက်ခွဲခြား၍ အမှိုက်ပုံးများတွင် စနစ်တကျစွန့်ပစ်ရန်၊

(၇) စီမံကိန်းမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုလျှော့ချနိုင်ရန်အတွက် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲခြင်းဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ရန်။

(ဈ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျေးရွာအနီးဝန်းကျင်တွင် စက်ရုံမှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရာ၌ သတ်မှတ်အမြန်နှုန်းအတိုင်းမောင်းနှင်စေခြင်း၊ လဟာပြင်မီးရှို့ခြင်းများရှောင်ရှားစေခြင်းများစသည်တို့အား ဆောင်ရွက်ရန်၊

(၂) စက်ရုံမှ မီးဖိုချောင်သုံး စွန့်ပစ်အမှိုက်၊ စွန့်ပစ်ရေ၊ မိလ္လာရေ၊ စသည်တို့မှ ခြင်၊ ယင်၊ ပိုးမွှားပေါက်ဖွားမှု မရှိစေရေးအတွက် ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ရာတွင် သင့်လျော်သောတစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ (PPEs) များ ဝတ်ဆင်စေရန်၊

(၄) လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၅) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး လုပ်ငန်းစဉ်များနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းစဉ်များကို ကြီးကြပ်ရန်အတွက် လေ့ကျင့်သင်ကြားထားသူများကိုသာ တာဝန်ပေးထားရန်။

(ည) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးလောင်ကျွမ်းမှုမဖြစ်ပွားစေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

